ဤစာအုပ်တွင် အကြောင်းအရာ ခေါင်းစဉ်အားဖြင့် နိုင်ငံခြားသားပိုင်မြေ ဥပဒေပုဒ်မ ဆွေးနွေးစရာ ဟူ၍ဖြစ်ရာ မြေတစ်ရပ်ကို ပိုင်ဆိုင်သည် ဆိုရာ၌ မည်သည့်အရပ်ရှိ မြေကို ပိုင်ဆိုင်လိုလျှင် မည်သည့်အထောက်အထားများဖြင့်သာ ပိုင်ဆိုင်ကြောင်း ပြနိုင်ခြင်း၊ ယနေ့ကာလ လူအများ ယုံကြည် လက်ခံနေသည့် မြေခွန်ပြေစာ အမည်ပေါက်မှု၊ မြေစာရင်းပုံစံ ၁၀၅/၁၀၆ အမည်ပေါက် ရှိမှုတို့သည် ပိုင်ဆိုင်ကြောင်း အထောက်အထားများ မဟုတ်ခြင်း စသည်တို့ကိုလည်း ဥပဒေ ပြဋ္ဌာန်းချက်များ၊ တရားရေးမဏ္ဍိုင်မှ စီရင်ထုံးများဖြင့်လည်း တစ်ပါတည်း တင်ပြထားပါသည်။

*အမှာစကား* မှ

မြေကို ပိုင်ဆိုင်ပါသည် ဆိုရာတွင်လည်း မည်သည့်အထောက်အထားများအရ ပိုင်ဆိုင်သည်ဟု သုံးသပ် ဆုံးဖြတ်ရမည် ဟူသည်ကို သတိပြုရန် လိုအပ်လာပါသည်။ ယနေ့ကာလတွင် ဌာနဆိုင်ရာတချို့ အပါအဝင် ပြည်သူအများစုက မြေခွန်ပြေစာ အမည်ပေါက်မှု၊ မြေစာရင်းပုံစံ ၁၀၅/၁၀၆ အမည်ပေါက်မှုတို့ကို ပိုင်ဆိုင်ကြောင်း အထောက်အထားအဖြစ် လွဲမှားစွာ မှတ်ယူနေကြပါသည်။ ယင်းတွင် အမည် ပါရှိသည်ကား မြေကို နည်းလမ်းတစ်ရပ်ရပ်အရ လက်ဝယ်ရယူ အသုံးပြုခြင်းကြောင့် မြေခွန် ပေးဆောင်ထိုက်သူအဖြစ် မှတ်တမ်းတင်ထားခြင်းသာဖြစ်ပြီး ပိုင်ဆိုင်မှုအတွက် အထောက်အထား မဟုတ်သည်ကို အက်ဥပဒေ ပြဋ္ဌာန်းချက်များ၌ အထင်အရှား ဖော်ပြထားသည်ကို သတိပြုကြရန် လိုအပ်ပါသည်။ သို့ပါက အမှန်တကယ် ပိုင်ဆိုင်ကြောင်း သက်သေတင်ပြရန် အချက်များကို အက်ဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ စိစစ်ရန် ထပ်မံလိုအပ်လာပါသည်။ ဤသို့ မစိစစ်ဘဲ မြေအမည်ပေါက် ပါသည် ဆိုရုံမျှနှင့် အမွေဆက်ခံခွင့်အတွက် စိစစ်သည် ဆိုပါလျှင် မြေကို စီမံခန့်ခွဲသူများအနေဖြင့် အရည်အချင်း မရှိသူများဟု သတ်မှတ်ခံရမည့် အခြေအနေသို့ ရောက်ရှိစေမည် ဖြစ်ပါသည်။

*အမှာစကား* မှ

မြေတစ်ရပ်ကို လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က ပိုင်ဆိုင်ပါသည်ဟု ဆိုလာသည့်အပေါ် အခွန်စည်းကြပ်ရန်အလို့ငှာ သက်ဆိုင်ရာ ဥပဒေ၊ လက်စွဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအရ ပြုစုထားသည့် မြေမှတ်တမ်းများမှ မိတ္တူကူးယူ တင်ပြချက်တွင် အမည် ပါရှိမှု၊ အမည် တူညီမှုတို့မျှဖြင့် ထိုမြေကို ပိုင်ဆိုင်ကြောင်း လက်ခံသည် ဆိုပါက မြို့နယ်မှတ်ပုံတင်အဖွဲ့အနေဖြင့် အဂတိတရား လေးပါးအနက် မောဟဂတိနှင့် ဆန္ဒာဂတိ တစ်ရပ်ရပ်နှင့် ယှဉ်၍ ဆုံးဖြတ်သည်ဟု ဆိုသော် မှားဖွယ်မရှိဟု ထင်မြင်မိပါသည်။ နိုင်ငံသားပြည်သူအားလုံး စုပေါင်း ပိုင်ဆိုင်ထားသည့် နိုင်ငံပိုင်မြေတစ်ရပ်ကို နိုင်ငံခြားသားဖြစ်သူတစ်ဦးက ပိုင်ဆိုင်နေခြင်း ရှိ မရှိ စစ်ဆေးနေခြင်း ဖြစ်သည်ကို အလေးဂရုပြုကြရန် လိုအပ်ပါသည်။

*ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်ခြင်း* မှ

# မာတိကာ


■ အမှာစကား က
■ နိဒါန်း ၁
၁။ နိုင်ငံတော်သည် ပင်ရင်းပိုင်ရှင် ၂
၂။ ရှေးမြန်မာဘုရင်များခေတ် ၄
၃။ ဗြိတိသျှခေတ်ဦး ၇
၄။ ရန်ကုန်မြို့သစ် ပေါ်ပေါက်မှု ၁၄
၅။ ရန်ကုန်မြို့ စည်ပင်သာယာရေးအဖွဲ့ ၁၈
၆။ ဗြိတိသျှ အစိုးရခေတ် နိုင်ငံခြားသား ၂၁
၇။ ၁၉၄၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ
လွှဲပြောင်းခြင်း ကန့်သတ်မှု ၂၅
၈။ လွတ်လပ်ရေး ရပြီး နိုင်ငံသားနှင့် နိုင်ငံခြားသား ခွဲခြားမှု ၃၁
၉။ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည် ထူထောင်ရေးနှင့်
မြို့ရွာစည်ပင်ရေးအဖွဲ့ ၃၈
၁၀။ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ၄၁
၁၁။ ရန်ကုန်မြူနီစပါယ် နယ်နိမိတ် တိုးချဲ့ခြင်း ၄၉
၁၂။ လုပ်ငန်းများ ပြည်သူပိုင် ပြုလုပ်ခြင်း ၅၂
၁၃။ မြို့မြေမှတ်တမ်းများ အခြေအနေ ၅၆
၁၄။ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် နိုင်ငံခြားသား ၅၉
၁၅။ မြန်မာနိုင်ငံသား ဥပဒေ ၆၁
၁၆။ ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်း
လွှဲပြောင်းခြင်းကို ကန့်သတ်မှု ၆၄
၁၇။ ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်ရန် ပြဋ္ဌာန်းချက် ၆၈
၁၈။ ရန်ကုန်မြို့မြေ စီမံခန့်ခွဲမှု ပြောင်းလဲခြင်း ၇၂
၁၉။ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း ပြင်ဆင်ခြင်း ၇၆
၂၀။ ပြည်တွင်းရှိ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီ ၈၄
၂၁။ နိုင်ငံတော်၏ ပြင်ပရောက် နိုင်ငံခြားသား သို့မဟုတ်
နိုင်ငံခြားသားပိုင် ကုမ္ပဏီ ၉၂
၂၂။ ပိုင်ဆိုင်ကြောင်း အထောက်အထားနှင့် မြေပုံ၊ မြေရာဇဝင် ၁၀၁
၂၃။ မြို့မြေစာရင်း ၁၁၀
၂၄။ ဦးပိုင်မှတ်ပုံတင်စာရင်း (၁-က) ၁၂၂
၂၅။ အမည်ပြောင်း ရေးသွင်းခြင်း ၁၃၂
၂၆။ အမည်ပေါက် ပြောင်းရာတွင် ကန့်သတ်ချက် ၁၃၇
၂၇။ မြေပုံ၊ မြေရာဇဝင် မိတ္တူ ၁၄၂
၂၈။ မြေပိုင်မြေများ ပိုင်ဆိုင်မှု ၁၄၇
၂၉။ လက်ဝယ်ထားပိုင်ခွင့်ရမြေ ပိုင်ဆိုင်မှု ၁၅၅
၃၀။ မြေငှားဂရန်အရ ပိုင်ဆိုင်မှု ၁၇၂
၃၁။ လိုင်စင်ဖြင့် ပိုင်ဆိုင်မှု ၁၈၄
၃၂။ မြေပုံ၊ မြေရာဇဝင် မိတ္တူမှန် တင်ပြသည် ဆိုရာတွင် ၁၈၆
၃၃။ ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်ခြင်း ၁၉၄
၃၄။ ကန့်သတ်တားမြစ်ချက်များ ၂၀၂
၃၅။ အမွေဆက်ခံခွင့်ပြုခြင်း ၂၀၈
၃၆။ အခြားသောမြို့များရှိ မြေများ ၂၂၀
၃၇။ ရင်ဆိုင်ရမည့် အန္တရာယ် ၂၃၂
၃၈။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ၂၄၀
၃၉။ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေ ၂၄၃
■ နိဂုံး ၂၅၃
■ နောက်ဆက်တွဲများ
(က) မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို
ကန့်သတ်သည့် ဥပဒေ ၂၅၇
(ခ) မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို
ကန့်သတ်သည့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၂၆၂